ESTD. 2009

# Leitungbup Zomi Innkuan Kipawlna

## Zomi International Communities Organization

USA, Canada, UK, Denmark, Norway, Sweden, Germany, India, Singapore, Malaysia, New Zealand, Philippines, Korea

Executive Council

TaangGo Khup, P.E.
President
Oklahoma, USA
gskhup@aol.com

Pau Khan Khai, Rev.
Vice President - I
Kentucky, USA
paukhai@gmail.com

H. Lian Do Tongseal, Pu
Vice President – II
Sweden
tongseal@yahoo.com

Hau Za Cin, Ph.D.
General Secretary
Singapore
suante2002@yahoo.com

Cin Lam Thang, Ph.D.
Asst. General Secretary – I
Alberta, Canada
cin.thang@mail.mcgill.ca

Gregory Kap Suan Lian, Pu
Asst. General Secretary – II
Oklahoma, USA
gylianpu@yahoo.com

Do Khan Khup, Th.D.
Treasurer
New York, USA
dkkhup@gmail.com

Pau Khan Khup, Pu
Assistant Treasurer – I
Singapore
pau_khup@yahoo.com.sg

JK Kam, Pu
Assistant Treasurer – II
Norway
jkkam2006@gmail.com

Don Ngaih Lian, Pi
Member
Ohio, USA

Tual Khan Suan, Pu
Member
Tennessee, USA

Disciple Kap Sian, Pu
Member
Oklahoma, USA

Kham Suan Thang Tunglut, Pu
Member
New Zealand

John Thang Sian Mung, Pu
Member
London, UK

Khai Suan Khup, Pu
Member
Germany

Mailing Address:
7438 S. 95TH East Ave.
Tulsa, OK 74133
U.S.A.

**Executive Council**
**Press Statement**
**December 21, 2016**

### **မြန်မာနိုင်ငံ အတွင်း တိုင်းရင်းသား ဒေသများ၌** ဖြစ်ပွားနေသော တိုက်ပွဲများ ချက်ချင်းရပ်စဲရန်ပန်ကြား ခြင်း

မြန်မာနိုင်ငံ တွင်မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးများ အားလုံး တန်းတူညီတူ အခွင့်အရေး ရရှိပြီး တည်ငြိမ်အေးချမ်းသော စစ်မှန်သည့် ဖယ်ဒရယ် ပြည်ထောင်စုကြီး တည်ထောင်နိုင်ရေးသည် နိုင်ငံတကာဆိုင်ရာ ဇိုမီး အသင်းကြီး ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော အဓိက အကျဆုံး ရည်မှန်း ချက်ပန်းတိုင်တစ်ရပ် ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင်ချုပ်ဆိုသော ပင်လုံစာချုပ်အရ စစ်မှန်သော ဖယ်ဒရယ် ပြည်ထောင်စု မြန်မာ နိုင်ငံတော် တည်ဆောက်ရေးကို ခေတ်အဆက်ဆက် အုပ်ချုပ်သူ အစိုးရများက ပျက်ကွက်နေခြင်း ကြောင့် မြန်မာနိုင်ငံ အတွင်း နေထိုင်ကျသော တိုင်းရင်းသား အချင်းချင်းများ အကြား နှစ်ပေါင်း (၇၀) ကျော် စစ်ပွဲပဋိပက္ခဖြစ်ပွားနေမှု အပေါ် နိုင်ငံတကာဆိုင်ရာ ဇိုမီး အသင်ကြီး အနေဖြင့် လွန်စွာ စိုးရိမ်မိ ပါ သည်။

ဤကဲ့သို တိုင်းရင်းသားလူမျိုး အချင်းချင်းများအကြား လက်နက်အားကိုးပြီး ထိုးစစ်ဆင်တိုက်ခိုက်နေမှု ကို အမြန်ဆုံး မရပ်တန့်ပါက တိုင်းပြည် ပြိုကွဲပျက်စီးရေးသို့ ရှေ့ရှုနိုင်မည် ဖြစ်သဖြင့် တိုင်းရင်းသား ဒေသများ၌ လက်ရှိ ဖြစ်ပွားနေသော စစ်ပွဲများကို နှစ်ဖက်သော တပ်များမှ အမြန်ဆုံး ရပ်တန့်ရန် ပန်ကြားအပ်ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံနှင့် ၂၁ ရာစု ပင်လုံညီလာခံကြီး ကျင်းပနေချိန်တွင် မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ အကြား လေးစားယုံကြည်မှု ကင်းမဲ့စွာ ထိုးစစ်ဆင်တိုက်ခိုက်နေကြခြင်းမှာ ငြိမ်းချမ်းရေးကို ဆန့်ကျင်သော လုံးဝ လက်ခံနိုင်စရာ မရှိသည့် လက်နက်အားကိုး စနစ်ဆိုး တရပ်သာ ဖြစ်သည်ဟု ထင်မြင်မိပါသည်။

နိုင်ငံရေး သဘောထား ကွဲလွဲမှုကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းစစ်ကို ယနေ့ အမျိုးသား ဒီမိုအရေစီ အဖွဲ့ချုပ်ဦးဆောင်သော နိုင်ငံတော်အစိုးရ လက်ထက်အထိတိုင် မြန်မာ့တပ်မတော်မှ စစ်ရေးအရ ကိုင်တွယ် ဖြေရှင်းနေမှုကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ ပြည်တွင်းစစ်ကိုဖြေရှင်းရာတွင် ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သည့် မအောင်မြင်သော စစ်ရေး လမ်းစဉ်ကို စွန့်လွှတ်ကာ အရင်းခံနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းနိုင်ရန် မြန်မာ့တပ်မတော်မှ ဝင်ရောက်စွပ်ဖက်ခြင်း မပြုဘဲ နိုင်ငံတော်အစိုးရက လွတ်လပ်စွာ ကိုင်တွယ် ဖြေရှင်းခွင့်ပြုသင့်ပြီဖြစ်ကြောင်း အထူး ပန်ကြားအပ်ပါသည်။

မြန်မာ့နိုင်ငံရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ပြည်သူလူထုက ဒီမိုအရေစီ နည်းစနစ်ကျကျ တခဲနက် ရွေးချယ်တင်မြောက်သော အမျိုးသာဒီမိုအရေစီအဖွဲ့ချုပ်ဦးဆောင်သည့် နိုင်ငံတော်အစိုးရ အနေဖြင့် ရှမ်းပြည် မြောက်ပိုင်းတွင် ယခု ဖြစ်ပွားနေသော တိုင်းရင်းသား အချင်းချင်း အကြား စစ်ဆင် တိုက်ခိုက်မှုကို ချက်ချင်း ရပ်တန့်စေရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် နိုင်ငံရေးပြဿနာကို စစ်ရေး အရ ကိုင်တွယ်ဖြေရှင်းခြင်း ပပြုဘဲ နိုင်ငံရေးနည်း ဖြင့်သာ ဖြေရှင်းရန် အဓိက တာဝန်ရှိသည်ဟု ခံယူပါသည်။

သို့ဖြစ်၍ မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များအကြား ဖြစ်ပွားနေသော စစ်ရေး ပဋိပက္ခများနှင့် ပတ်သက်၍ လက်ရှိ နိုင်ငံတော်အစိုးရ အပေါ် လုံးလုံးလျားလျား တာဝန်ရှိသည်ဟု ယူဆ ပါသည်။

*(Next Page)*

Executive Council

TaangGo Khup, P.E.
President
Oklahoma, USA
gskhup@aol.com

Pau Khan Khai, Rev.
Vice President - I
Kentucky, USA
paukhai@gmail.com

H. Lian Do Tongseal, Pu
Vice President – II
Sweden
tongseal@yahoo.com

Hau Za Cin, Ph.D.
General Secretary
Singapore
suante2002@yahoo.com

Cin Lam Thang, Ph.D.
Asst. General Secretary – I
Alberta, Canada
cin.thang@mail.mcgill.ca

Gregory Kap Suan Lian, Pu
Asst. General Secretary – II
Oklahoma, USA
gylianpu@yahoo.com

Do Khan Khup, Th.D.
Treasurer
New York, USA
dkkhup@gmail.com

Pau Khan Khup, Pu
Assistant Treasurer – I
Singapore
pau_khup@yahoo.com.sg

JK Kam, Pu
Assistant Treasurer – II
Norway
jkkam2006@gmail.com

Don Ngaih Lian, Pi
Member
Ohio, USA

Tual Khan Suan, Pu
Member
Tennessee, USA

Disciple Kap Sian, Pu
Member
Oklahoma, USA

Kham Suan Thang Tunglut, Pu
Member
New Zealand

John Thang Sian Mung, Pu
Member
London, UK

Khai Suan Khup, Pu
Member
Germany

Mailing Address:
7438 S. 95TH East Ave.
Tulsa, OK 74133
U.S.A.

**Executive Council**
**Press Statement**
**December 21, 2016**

**မြန်မာနိုင်ငံ အတွင်း တိုင်းရင်းသား ဒေသများ၌** ဖြစ်ပွားနေသော
တိုက်ပွဲများ ချက်ချင်းရပ်စဲရန်ပန်ကြား ခြင်း

(အဆက်)

ပြည်တွင်ငြိမ်းချမ်းရေး တည်ဆောက်ရန်နှင့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပရာတွင် လွတ်လပ်စွာ ဆွေးနွေးဆုံးဖြတ်ခြင်းကို ဟန့်တားသည့် NCA မှ ကြိုတင်ချမှတ်ထားသော လိုအပ်ချက်များကို သဘောတူလက်ခံရမည်ဟု သတ်မှတ်ထားခြင်း စည်းမျဉ်းစည်းကမ်းများအား နိုင်ငံတော်အစိုးရ အနေဖြင့် ပြင်ဆင်ဖယ်ရှားပြီး၊ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးခွင့် ပေးရန် လိုအပ်လှပေသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် လက်ရှိဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း နိုင်ခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံနှင့် ၂၁ ရာစု ပင်လုံညီလာခံကို လွတ်လပ်စွာ ကျင်းပနိုင်ခြင်း မရှိပါက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် ယုံကြည်လေးစားရသည့် နိုင်ငံတကာအဖွဲ့အစည်း တရပ်ရပ်က ကြားဝင်ဖြေရှင်းပေးရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံတကာမှ ဦးဆောင်ပြီး ငြိမ်းချမ်းရေး ညီလာခံကျင်းပပေးရန် ပန်ကြားသင့်သည်ဟု တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်၍ မြန်မာ့တပ်မတော်အား မြန်မာ့နိုင်ငံရေးပြဿနာများကို စစ်ရေးအရဖြေရှင်းခြင်း မပြုဘဲ နိုင်ငံတော်အစိုးရ၏ လွတ်လပ်စွာဦးဆောင်မှုကိုခံယူကာ နိုင်ငံရေးနည်းလမ်းအရ ကိုင်တွယ်ဖြေရှင်းရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိပြီး စစ်မှန်သောဖယ်ဒရယ် ပြည်ထောင်စုကြီး တည်ထောင်နိုင်ရန် နိုင်ငံတကာဆိုင်ရာ ဇိုမီး အသင်းကြီးမှ လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

**Executive Council**
**Zomi International Communities Organization**
နိုင်ငံတကာဆိုင်ရာ ဇိုမီး အသင်းကြီး